# တစ်ဦးချင်းပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအပေါ် ဝင်ငွေခွန်တွက်ချက်ခြင်း

## စီးပွားရေးလုပ်ငန်းတွင် အကျုံးဝင်သည့်ဝင်ငွေ

၁။ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေဆိုသည်မှာ ဝင်ငွေရရှိရန် စီးပွားဖြစ်လုပ်ကိုင် ဆောင်ရွက်သော လုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်ပစ္စည်းများ တင်သွင်းရောင်းချခြင်း/ ဝယ်ယူရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ဝင်ငွေတို့အပြင်၊ ငွေချေးသက်သေခံလက်မှတ်များကို စီးပွားရေးလုပ်ငန်းသဖွယ်လုပ်ကိုင်ခြင်းနှင့် အတိုးရရန် ရင်းနှီးမြှုပ်နှံခြင်းတို့မှ ဝင်ငွေအပေါ် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေခေါင်းစဉ်ဖြင့် အခွန်ပေးဆောင်ရမည်။

## အခွန်နှုန်း

၂။ စီးပွားရေးလုပ်ငန်းမှ ရရှိသည့်ဝင်ငွေအပေါ် အောက်ဖော်ပြပါအခွန်နှုန်းဖြင့် တွက်ချက်ပါမည် -

| အမှတ်စဉ် | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

## ဝင်ငွေတွက်ချက်ခြင်း

၃။ စီးပွားရေးလုပ်ငန်းမှ ရရှိသောဝင်ငွေကို တွက်ချက်ရာတွင် ယင်းဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှကုန်ကျစရိတ် နုတ်ပယ်ပြီး အသားတင်

အမြတ်ငွေအပေါ် သက်သာခွင့်များ ခွင့်ပြုပြီး ကျန်ငွေကိုသာ သတ်မှတ် အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးပါ -

(က) မတည်စရိတ်၊

(ခ) ကိုယ်ရေးကိုယ်တာစရိတ်၊

(ဂ) လုပ်ငန်းပမာဏနှင့်မမျှအောင် များသည့်စရိတ်၊ မဆီလျော်သည့်စရိတ်၊ ထိုဝင်ငွေရရန် ကုန်ကျခြင်းမဟုတ်သည့်စရိတ်၊

၄။ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေသည် ဆောင်ရွက်ရသည့်လုပ်ငန်းအပေါ် ရရှိသည့် ဝင်ငွေ(သို့မဟုတ်) ရောင်းရငွေနှင့် လုပ်ကိုင်ရသည့်လုပ်ငန်း သဘာဝကိုလိုက်၍ ခွင့်ပြုရမည့် စရိတ်များမှာလည်း ပြောင်းလဲမှု ရှိနိုင်ပါသည်။ ရေခဲထုတ်လုပ်ရောင်းချသူ၏ ကုန်ကျစရိတ်နှင့် ကုန်စုံပစ္စည်းများ ရောင်းချ ခြင်းလုပ်ငန်းမှ ကုန်ကျစရိတ်များမှာ တူညီနိုင်မည်မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းနှင့် အကျုံးဝင်မည့် စရိတ်များကို ပုံသေ သတ်မှတ်ပေးထားခြင်းမရှိပါ။

**အခွန်တွက်ချက်ခြင်း (နမူနာ)**

၅။ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ကိုင်သည့် လုပ်ငန်းရှင် တစ်ဦးသည် တစ်နှစ်အတွင်း ၎င်းလုပ်ကိုင်သည့် လုပ်ငန်းမှ ကုန်ကျစရိတ်များကိုနှုတ်၍ အသားတင်အမြတ် ကျပ် သိန်း ၁၀၀ ရရှိပြီး အတူနေ မိဘနှစ်ဦး မှီခိုသူ ဇနီးနှင့် အသက် ၁၈ နှစ်အောက် သို့မဟုတ် အချိန်ပြည့်ပညာသင်ကြားနေသည့် သားသမီး နှစ် ဦး ရှိပါသည်။ ၎င်းလုပ်ငန်းရှင်၏ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေအပေါ် အောက်ပါအတိုင်း ဝင်ငွေခွန် တွက်ချက်ပါသည် -

| | | **(ကျပ်)** |
|---|---|---|
| (က) | အသားတင်အမြတ် | ၁၀,၀၀၀,၀၀၀ |
| (ခ) | (နုတ်)သက်သာခွင့်များ<br>(၁) အခြေခံသက်သာခွင့်(၂၀%) - ၂,၀၀၀,၀၀၀<br>(၂) အတူနေမိဘ(၂)ဦးအတွက် - ၂,၀၀၀,၀၀၀<br>(၃) အိမ်ထောင်ဖက်အတွက် - ၁,၀၀၀,၀၀၀<br>(၄) သားသမီး(၂)ဦးအတွက် - ၁,၀၀၀,၀၀၀ | |

| | | |
|---|---|---|
| | | ၆,၀၀၀,၀၀၀ |
| (ဂ) | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေ | ၄,၀၀၀,၀၀၀ |
| ၁ ကျပ်မှ ၂,၀၀၀,၀၀၀ ကျပ်ထိ ၀ ရာခိုင်နှုန်း<br>၂,၀၀၀,၀၀၁ ကျပ်မှ ၄,၀၀၀,၀၀၀ ကျပ်ထိ ၂,၀၀၀,၀၀၀ အတွက် ၅ ရာခိုင်နှုန်း | | |
| (ဃ) | **စုစုပေါင်းကျသင့်ဝင်ငွေခွန်** | **၁၀၀,၀၀၀** |

၆။ သက်သာခွင့်များကို နုတ်ပေးရာတွင် တစ်ဦးချင်းပုဂ္ဂလိကအတွက် အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်းဖြစ်ပြီး ကျပ်သိန်း ၁၀၀ ထက် မပိုရ။ အိမ်ထောင်ဖက်သည် ဝင်ငွေခွန် ထိုက်သင့်သည့် ဝင်ငွေမရှိသူဖြစ်မှသာ သက်သာခွင့်ကို ခံစားခွင့်ရှိပါမည်။ သားသမီးသည် အိမ်ထောင်မရှိသူ၊ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရှိသူ၊ အသက်(၁၈)နှစ်အောက် ပညာသင်ကြားနေသူ (သို့မဟုတ်) အသက် (၁၈)နှစ်ပြည့်ပြီးသော်လည်း အချိန်ပြည့် ပညာဆက်လက် သင်ကြားနေသူ ဖြစ်မှသာ သက်သာခွင့်ကို ခံစားခွင့်ရှိပါမည်။

၇။ အသားတင်ဝင်ငွေ ကျပ်သိန်း ၁၀၀ မှ ဝင်ငွေခွန် ကျပ် ၁၀၀,၀၀၀ ပေးဆောင်ပြီး နှစ်စဉ် စုဆောင်းနိုင်ငွေများဖြင့် အိမ်၊ ခြံ၊ မြေ၊ မော်တော်ယာဉ်စသည်များ ဝယ်ယူခြင်းအတွက် ဝင်ငွေခွန် ထပ်မံမကျသင့်ပါ။ သို့ရာတွင် ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အဆိုပါပစ္စည်းများ ဝယ်ယူခြင်း အပေါ် အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်ဖြစ်ပါသည် -

| အမှတ်စဉ် | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၃၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (ခ) | ၃၀,၀၀၀,၀၀၁ | ၁၀၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (ဂ) | ၁၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

၈။ အသေးစိတ်သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၄၃၀၅၃၃ ၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၃၀၁၉၂ သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

## ပစ္စည်းခေါင်းစဉ်ဖြင့် ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

- **အကျုံးဝင်သည့်ဝင်ငွေများ။** ကိုယ်ပိုင်ဖြစ်သည့် မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံ ငှားရမ်းခြင်းနှင့် ကိုယ်ပိုင်မဟုတ်သည့် မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံ ထပ်ဆင့်ငှားရမ်းခြင်းမှ ရရှိသည့်ဝင်ငွေများ ပါဝင်သည်။ ငှားရမ်းခ ရငွေကို အခွန်စည်းကြပ်ရန်အတွက် တွက်ချက်ရာတွင် အမှန်ငှားရမ်းခရငွေနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်သည့် ငှားရမ်းခနှုန်း၊ ယင်းနှစ်ရပ်အနက် များရာငွေကို ငှားရမ်းခရငွေအဖြစ် တွက်ချက်မည်ဖြစ်ပါသည်။
- **ဝင်ငွေတွက်ချက်မှု။** ငှားရမ်းခ ရရှိသည့် ငှားရမ်းခရငွေ စုစုပေါင်းအပေါ် ငှားရမ်းခရရှိသည့် ဝင်ငွေနှစ်အတွက် သတ်မှတ်ပေးထားသည့် ဝင်ငွေခွန်နှုန်းဖြင့် အခွန်စည်းကြပ်ရမည်။
  ဥပမာ - နေအိမ်ကို ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ တစ်နှစ်ငှားရမ်းခြင်းအတွက် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်တွင် အဆိုပါ တစ်နှစ်စာ ငှားရမ်းခရငွေ စုစုပေါင်းအပေါ် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အခွန်နှုန်းဖြင့် အခွန်စည်းကြပ်ပါမည်။
- **အခွန်နှုန်း။**
  - သတ်မှတ်သည့် စုစုပေါင်းငှားရမ်းခရငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀%ဖြင့် အခွန်တွက်ချက်ပါသည်။

  **ကျသင့်ဝင်ငွေခွန် = [စုစုပေါင်း ငှားရမ်းခရငွေ - အခြေခံသက်သာခွင့်များ]x ၁၀%**

ဥပမာ -

ဦးလှသည် နှစ်အတွင်း အိမ်ငှားရမ်းခငွေ တစ်လ ကျပ် ၅ သိန်းဖြင့် တစ်နှစ်ငှားရမ်းခ ကျပ် သိန်း ၆၀ ရရှိသူ ဖြစ်ပါက

| | | | | |
|---|---|---|---|---|
| | | | | (ကျပ်) |
| စုစုပေါင်း အိမ်ငှားရမ်းခငွေ | | | = | ၆,၀၀၀,၀၀၀ |
| အခြေခံသက်သာခွင့်[၆,၀၀၀,၀၀၀ x၂၀%] | = | ၁,၂၀၀,၀၀၀ | | |
| အတူနေမိဘအတွက်သက်သာခွင့် [တစ်ဦး ၁,၀၀၀,၀၀၀ စီ x ၂ ဦး] | = | ၂,၀၀၀,၀၀၀ | | |
| အိမ်ထောင်ဖက်အတွက်သက်သာခွင့် | = | ၁,၀၀၀,၀၀၀ | | |
| သားသမီး ၂ ဦးအတွက်သက်သာခွင့် [တစ်ဦး ၅၀၀,၀၀၀ စီ x ၂ ဦး] | = | ၁,၀၀၀,၀၀၀ | | |
| (နုတ်)သက်သာခွင့်စုစုပေါင်း | | | = | ၅,၂၀၀,၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | | = | ၈၀၀,၀၀၀ |
| ကျသင့်အခွန် = အခွန်စည်းကြပ်ရန် ဝင်ငွေ x ၁၀% | | | = | ၈၀,၀၀၀ |

- ❖ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက စုစုပေါင်း ငှားရမ်းခရငွေမှ ယင်းငွေရရှိရန် ကုန်ကျသည့်စရိတ်များကို နုတ်ပယ်ပြီး ရရှိသည့် အသားတင် အမြတ်ဝင်ငွေအပေါ် သက်ဆိုင်ရာနှစ်၏ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အဆိုပါ အဖွဲ့အစည်းများအတွက် သီးခြားသတ်မှတ်ပေးထားသည့် အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။
- ❖ သေးစိတ်သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှု ရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၄၃၀၅၃၃ ၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၃၀၁၉၂ သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

# အသက်မွေးဝမ်းကျောင်းပညာခေါင်းစဉ်မှ ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

## ❖ အကျုံးဝင်သည့် ဝင်ငွေများ

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခ ရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ဥပမာ - ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ ပညာရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့်ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်း မဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းကို ဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ  ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ် ရရှိသည့် ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့် ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ် (သို့မဟုတ်) လစဉ် ပုံသေ လုပ်ခ သို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ " လစာ " မှ ဝင်ငွေသာ ဖြစ်သည်။

❖ **အခွန်နှုန်း။**၁-၄-၂၀၁၇ ရက်နေ့မှ စတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည် -

| အမှတ်စဉ် | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |

| | | | |
|---|---|---|---|
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

❖ **စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေး ရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

❖ **ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ် နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များ နုတ်ပယ်ပြီး သတ်မှတ် အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးရ-

- မတည်စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှု ရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့် ရှေ့နေတစ်ဦး၏ စရိတ်တူညီနိုင်မည် မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

❖ **အခွန်တွက်ချက်ခြင်း။** အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည် -

ဦးကျော်သည် ရုပ်ရှင် သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခ ကျပ် ၁၀ သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ် ၅ သိန်း ရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခ ကျပ် ၅၄၅ သိန်း ရရှိပြီး ခရီးသွားလာစရိတ် ကျပ် ၃၅ သိန်း၊ အလှပြင်စရိတ် ကျပ် ၁၅ သိန်း၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည်စရိတ် ကျပ် ၁၀ သိန်း၊ အလုပ်လက်ခံ ဆောင်ရွက်ရန် မန်နေဂျာတစ်ဦးတစ်လ ကျပ် ၄ သိန်းဖြင့် ၄၈ သိန်း၊ အထွေထွေစရိတ် ၁ သိန်း၊ စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၁၀၉ သိန်းဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင် ဦးကျော်သည်

ဝင်ငွေနှစ် အတွင်း သရုပ်ဆောင်ခ စုစုပေါင်း ကျပ် ၅၄၅ သိန်း ရရှိသော်လည်း အသုံးစရိတ်များ နုတ်ပယ် ပြီးသည့် အသားတင်ဝင်ငွေမှာ ကျပ် ၄၃၆ သိန်း ရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မှီခိုသူ ဇနီးရှိပြီး သားသမီး ၂ ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည် သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀ တန်း ကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်း မှ ဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည် -

| | | | | |
|---|---|---|---|---|
| | | | | (ကျပ်) |
| သရုပ်ဆောင်ခ ဝင်ငွေစုစုပေါင်း | | | = | ၅၄,၅၀၀,၀၀၀ |
| (နုတ်)ကုန်ကျစရိတ် | | | | |
| ခရီးသွားလာစရိတ် | = | ၃,၅၀၀,၀၀၀ | | |
| အလှပြင်စရိတ် | = | ၁,၅၀၀,၀၀၀ | | |
| အဝတ်အထည်စရိတ် | = | ၁,၀၀၀,၀၀၀ | | |
| အထွေထွေစရိတ် | = | ၁၀၀,၀၀၀ | | |
| မန်နေဂျာလစာ | = | ၄,၈၀၀,၀၀၀ | | |
| စုစုပေါင်းလုပ်ငန်းအတွက်ကုန်ကျစရိတ် | | | = | ၁၀,၉၀၀,၀၀၀ |
| အသားတင် ဝင်ငွေ | | | = | ၄၃,၆၀၀,၀၀၀ |
| အသားတင် ဝင်ငွေ | | | = | ၄၃,၆၀၀,၀၀၀ |
| (နုတ်)သက်သာခွင့်များ | | | | |
| (က) အခြေခံသက်သာခွင့် (စုစုပေါင်း ဝင်ငွေ၏ ၂၀%ဖြင့်) | = | ၈,၇၂၀,၀၀၀ | | |
| (ခ) အိမ်ထောင်ဖက်အတွက် | = | ၁,၀၀၀,၀၀၀ | | |
| (ဂ) အိမ်ထောင်သည်သားအတွက် | = | ခွင့်မပြု | | |
| (ဃ) ကျောင်းသူသမီးအတွက် | = | ၅၀၀,၀၀၀ | | |
| | | | = | ၁၀,၂၂၀,၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | | = | ၃၃,၃၈၀,၀၀၀ |
| ၁ ကျပ်မှ ၃၀,၀၀၀,၀၀၀ ထိ အဆင့်ဆင့် စုစုပေါင်း | | | = | ၄,၁၅၀,၀၀၀ |
| ၃၀,၀၀၀,၀၀၁ ကျပ်မှ ၃၃,၃၈၀,၀၀၀ ထိ ကျန် ၃,၃၈၀,၀၀၀ အတွက် ၂၅% | | | = | ၈၄၅,၀၀၀ |
| စုစုပေါင်း ကျသင့်အခွန် | | | = | ၄,၉၉၅,၀၀၀ |

- သေးစိတ်သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှု ရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၄၃၀၅၃၃ ၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၃၀၁၉၂ သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

## လစာခေါင်းစဉ်မှ ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

- **အကျုံးဝင်သည့် ဝင်ငွေများ။** မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့ အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင် ရမည် ဖြစ်ပါသဖြင့် နှစ်တစ်နှစ်အတွင်းရရှိသည့် လစာဝင်ငွေ၊ လစာဝင်ငွေအပြင် ကော်မရှင်ကြေး၊ နှစ်စဉ်ကြေး၊ ပညာရှင်ကြေးတို့ကိုလည်း စုစုပေါင်း လစာဝင်ငွေတွက်ချက်ရာတွင် ထည့်သွင်း တွက်ချက်ရမည်ဖြစ်ပါသည်။
- **အခွန်နှုန်း။**အောက်ပါအတိုင်းဖြစ်ပါသည်-

| အမှတ်စဉ် | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |

| | | | |
|---|---|---|---|
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

- **အကျိုးသက်ရောက်သည့်နေ့။** ၁-၄-၂၀၁၈ ရက်နေ့မှ စတင်ရရှိသည့် လစာဝင်ငွေအတွက်မှ စတင်အကျိုးသက်ရောက်ပါသည်။
- **အခွန်ကျသင့်မှု။** အောက်ပါအတိုင်း ဖြစ်ပါသည် -
  - တစ်နှစ် စုစုပေါင်းလစာဝင်ငွေ ကျပ် သိန်း ၄၈ ထက် မကျော်ပါက ဝင်ငွေခွန်ပေးဆောင်ရန် မလိုပါ။
  - တစ်နှစ် စုစုပေါင်း လစာဝင်ငွေ ကျပ် သိန်း ၄၈ ထက် ကျော်လွန်သော်လည်း စုစုပေါင်း လစာဝင်ငွေမှ သက်သာခွင့်များဖြစ်သည့် အခြေခံသက်သာခွင့်၊ အတူနေမိဘအတွက်သက်သာခွင့်၊ အိမ်ထောင်ဖက်အတွက် သက်သာခွင့်၊ သားသမီးအတွက် သက်သာခွင့်၊ အသက်အာမခံအတွက် ပေးရသည့်ပရီမီယံ၊ လူမှုဖူလုံရေးရန်ပုံငွေသို့ ထည့်ဝင်ငွေတို့ကို နုတ်ပယ်ပါ။ နုတ်ပယ်ပြီး ကျန်ရှိသောအခွန်စည်းကြပ်ရန် ဝင်ငွေမှာ ကျပ် သိန်း ၂၀ မကျော်ပါက ဝင်ငွေခွန် ပေးဆောင်ရန် မလိုပါ။

    **[အခွန်စည်းကြပ်ရန်ဝင်ငွေ = စုစုပေါင်းလစာဝင်ငွေ - အခြေခံသက်သာခွင့်များ]**

    ဥပမာ-

    ဦးလှသည် နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ စုစုပေါင်း ကျပ် ၆၀ သိန်း ရရှိပါက

| | | | | |
|---|---|---|---|---|
| | | | | (ကျပ်) |
| စုစုပေါင်းလစာဝင်ငွေ | | | = | ၆,၀၀၀,၀၀၀ |
| အခြေခံ သက်သာခွင့် [၆,၀၀၀,၀၀၀x၂၀%] | = | ၁,၂၀၀,၀၀၀ | | |
| အတူနေမိဘအတွက်သက်သာခွင့် [တစ်ဦး ၁,၀၀၀,၀၀၀ စီ x ၂ ဦး] | = | ၂,၀၀၀,၀၀၀ | | |
| အိမ်ထောင်ဖက်အတွက်သက်သာခွင့် | = | ၁,၀၀၀,၀၀၀ | | |
| သားသမီး ၂ ဦးအတွက်သက်သာခွင့် [တစ်ဦး ၅၀၀,၀၀၀ စီ x ၂ ဦး] | = | ၁,၀၀၀,၀၀၀ | | |

ဦးလှနှင့် အိမ်ထောင်ဖက် အသက်အာမခံ = ၅၀,၀၀၀

[ဦးလှအတွက် ၃၀,၀၀၀+ဇနီး ၂၀,၀၀၀]

ဦးလှအတွက်ထည့်ဝင် လူမှုဖူလုံရေးရန်ပုံငွေ = ၅၀,၀၀၀

| | | |
|---|---|---|
| (နုတ်)သက်သာခွင့်စုစုပေါင်း | = | ၅,၃၀၀,၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | = | ၇၀၀,၀၀၀ |
| ကျသင့်အခွန် | = | အခွန်မကျသင့် |

❖ အခွန်စည်းကြပ်ရန် ဝင်ငွေကျပ်သိန်း ၂၀ ထက် ကျော်ပါက ကျပ်သိန်း ၂၀ ထက်ပိုသည့် ပမာဏ အတွက်သာ သတ်မှတ်ရာခိုင်နှုန်းအတိုင်း အခွန်တွက်ချက် ပေးဆောင်ရမည် ဖြစ်ပါသည်။ ဥပမာ - ဦးလှသည် နှစ်အတွင်း လစာဝင်ငွေ ကျပ် ၉၀ သိန်း ရရှိပါက

| | | (ကျပ်) |
|---|---|---|
| စုစုပေါင်း လစာဝင်ငွေ | = | ၉,၀၀၀,၀၀၀ |
| (နုတ်)သက်သာခွင့်များ | = | ၅,၉၀၀,၀၀၀ |
| [အခြေခံသက်သာခွင့်+အတူနေမိဘ+အိမ်ထောင်ဖက်+သားသမီး+ အာမခံ+လူမှုဖူလုံရေးရန်ပုံငွေ] | | |
| အခွန်စည်းကြပ်ရန် ဝင်ငွေ | = | ၃,၁၀၀,၀၀၀ |
| အခွန်တွက်ချက်ခြင်း | | |
| ကျပ်သိန်း ၂၀ အထိ "၀%" ဖြင့် | = | ၀ |
| ၂,၀၀၀,၀၀၁ x ၃,၁၀၀,၀၀၀ အထိ | | |
| ၁,၁၀၀,၀၀၀ x ၅%ဖြင့် | = | ၅၅,၀၀၀ |
| တစ်နှစ်ကျသင့်အခွန် | = | ၅၅,၀၀၀ |
| တစ်လကျသင့်အခွန် | = | ၄,၅၈၃ |

❖ သေးစိတ်သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှု ရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၄၃၀၅၃၃ ၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်)

အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၃၀၁၉၂ သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**